# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၇)
## ၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
## (၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊"

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၄ ၏ နောက်တွင် ပုဒ်မ ၈၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၄-က။ ။ (က) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ လုပ်ငန်းလိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

(ခ) မည်သူမျှ နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ်

လက်မှတ်များ ရောင်းဝယ်ဖောက်ကားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြား ချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

(ဂ) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းကို လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၇။ မည်သူမဆို ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၇ ၏ နောက်တွင် ပုဒ်မ ၈၇-က နှင့် ပုဒ်မ ၈၇-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်မည် -

"၈၇-က။ မည်သူမဆို ပုဒ်မ ၈၄-က၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူ အား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။"

"၈၇-ခ။ မည်သူမဆို ပုဒ်မ ၈၄-က၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၃ တွင် ပါရှိသော "ပုဒ်မ ၈၇ သို့မဟုတ် ပုဒ်မ ၈၈ အရ" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၈၇၊ ပုဒ်မ ၈၇-က၊ ပုဒ်မ ၈၇-ခ သို့မဟုတ် ပုဒ်မ ၈၈ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့